ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ် (၈၂၂ /၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ရောင်းချပေးသည့် သစ်လုံး၊သစ်ခွဲသားများအားပြည်ပသို့တင်ပို့ခြင်းနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခြင်း**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၄-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ် ၊ (သစ်တော) ၄(၁)/၀၉(ဃ)/(၁၄၇၈/၂၀၁၆)အရ ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ မြန်မာ့သစ်လုပ်ငန်း ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ရောင်းချမည့် သစ်လုံးနှင့် သစ်ခွဲသားများမှ ခွဲစိတ်ထွက်ရှိလာသော သစ်ခွဲသားနှင့် သစ်အချောထည်များကိုပြည်ပသို့ တင်ပို့ခွင့်မပြုကြောင်းနှင့် ပြည်တွင်းရောင်းပြေစာဖြင့် ယခင်ရောင်းချခဲ့သော သစ်လုံးနှင့် သစ်ခွဲသားများမှ ခွဲစိတ်ထွက်ရှိလာသည့် သစ်ခွဲသားနှင့် သစ်အချောထည်များကို ပြည်ပတင်ပို့ရန်အတွက်၂၀၁၇ ခုနှစ် ၊ မေလ ၁ ရက်နေ့မတိုင်မီ တရားဝင် သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက်ရရှိထားပြီးဖြစ်ပါက ထောက်ခံချက်ပါ သက်တမ်းကုန်ဆုံးသည်အထိ ပြည်ပသို့ ဆက်လက်တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ် ၊ လင / အခ / ၀၀၇၂ (၂၁၀၄၅ /၂၀၁၆)
ရက်စွဲ ၊ ၂၀၁၆ခုနှစ် အောက်တိုဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန

ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ ---------------------------------- သစ်တောဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်

ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း

ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင်
ထည့်သွင်းကြော်ငြာပေးပါ
ရန်မေတ္တာရပ်ခံချက်ဖြင့်)

အမိန့်အရ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
{မျိုးမင်း၊ ညွှန်ကြားရေးမှူး(သဘာဝတော/စိုက်ခင်း)
သစ်တောဦးစီးဌာန